# တိတုထံရှင်ပေါလုရေးသောစာ
## နိဒါန်း

*__တိတု__သည် __ဂရိ__အမျိုးသားဖြစ်ပြီး ခရစ်ယာန်ဘာသာသို့ကူးပြောင်း၍ သာသနာလုပ်ငန်းတွင် __ပေါလု__၏ လုပ်ဖော်ကိုင်ဘက်နှင့် လက်ထောက် ဖြစ်လာ၏။ __တိတု__ထံ ရေးသောစာသည် __ခရိ__ကျွန်းတွင် အသင်းတော်လုပ်ငန်းကိုကြီးကြပ်ကွပ်ကဲရန် __ပေါလု__က တာဝန်လွှဲအပ်ခဲ့သောငယ်ရွယ်သူ __တိတု__ထံသို့ __ပေါလု__ရေးပို့လိုက်သောစာဖြစ်သည်။ယင်းစာတွင် အရေးပါသောအကြောင်းသုံးရပ်ပါရှိသည်။*

*(၁) __ခရိ__ကျွန်းသားအများတို့အကျင့်စရိုက် ပျက်ပြားကြပုံကို နှလုံးသွင်းလျက် အသင်းတော်ခေါင်းဆောင်တို့၌ ရှိအပ်သော ဂုဏ်အင်္ဂါများကို ဖော်ပြသည်။*

*(၂) အသင်းတော်ရှိအသက်ကြီးသူ အမျိုးသားများနှင့် အသက်ကြီးသူ အမျိုးသမီးများတို့က အသက်ငယ်ရွယ်သော အမျိုးသမီးများအားတစ်ဆင့် သင်ကြားပေးရန်၊ အသက်ငယ်ရွယ်သော အမျိုးသားများနှင့် ကျွန်များတို့အားမည်သို့သင်ကြားရမည်ကို __တိတု__အား အကြံပေးချက်များ။*

*(၃) ခရစ်ယာန်တို့ ပြုမူကျင့်ကြံခြင်းနှင့်ပတ်သက်၍ __တိတု__အား အကြံပေးချက်များ၊ အထူးသဖြင့် ခရစ်ယာန်တို့သည်ငြိမ်းချမ်းစွာနေထိုင်၍တစ်ဦးကိုတစ်ဦးခင်မင်လျက်မုန်းတီးခြင်း၊ ငြင်းခုံခြင်း၊ အသင်းတော်တွင်စိတ်ဝမ်းကွဲပြား စေခြင်းတို့ကိုရှောင်ရမည်ဖြစ်ကြောင်းအကြံပြုထားလေသည်။*

### *အကြောင်းအရာအကျဉ်းချုပ်*

| | |
|---|---|
| *–နိဒါန်း* | *၁း၁–၄* |
| *–အသင်းတော်အရာရှိများ* | *၁း၅–၁၆* |
| *–အသင်းတော်တွင်အဖွဲ့အစည်းအသီးသီးတို့၏ တာဝန်များ* | *၂း၁–၁၅* |
| *–နှိုးဆော်ချက်များနှင့်သတိပေးချက်များ* | *၃း၁–၁၁* |
| *–နိဂုံး* | *၃း၁၂–၁၅* |

## အခန်းကြီး (၁)

၁။ ဘုရားသခင်၏ အစေခံနှင့် သခင်**ယေရှု**၏ တမန်တော်ဖြစ်သူ ငါပေါလုသည် စာရေးလိုက်ပါသည်။
ဘုရားသခင်သည် မိမိ ရွေးကောက်တော်မူသောလူမျိုးတော်၏ ယုံကြည်ခြင်းကို ပြုစုပေးရန်လည်းကောင်း၊ ငါတို့၏ဘာသာက သွန်သင်သည့် သမ္မာတရားတော်အကြောင်းကို ထိုသူတို့ သဘောပေါက်နားလည်ကြစေရန်လည်းကောင်း၊ငါ့ကို ရွေးချယ်စေ
၂။ လွှတ်တော်မူ၏။ ထိုဘာသာသည် ထာဝရအသက်ကိုမျှော်လင့်ခြင်း၌အခြေခံပေသည်။ မုသားနှင့်ကင်းစင်တော်မူသော ဘုရားသခင်သည် ရေးကပ်ကာလမတည်မီကပင်ထာဝရအသက်ကိုငါတို့အားပေးတော်မူရန် ကတိထားတော်မူပေသည်။
၃။ ထို့နောက် အချိန်သင့်သောအခါ ထိုထာဝရအသက်ကို မိမိ၏သတင်းကောင်းအားဖြင့် ပေါ်လွင်ထင်ရှားစေတော်မူ၏။ ငါတို့၏ကယ်တင်ရှင် ဘုရားသခင်သည်ထိုသတင်းကောင်းကို ငါ့အား ပေးအပ်တော်မူသည်ဖြစ်ရာငါသည် ကိုယ်တော်၏ အမိန့်တော်အရ
၄။ ထိုသတင်းကောင်းကိုကြေညာ၏။ အားလုံးနှင့်သက်ဆိုင်သော ယုံကြည်ခြင်းအားဖြင့် ငါ၏သားအစစ်အမှန်ဖြစ်သူ **တိတု**ထံသို့ ဤစာကိုငါရေးသားပေးပို့လိုက်ပါသည်။ခမည်းတော် ဘုရားသခင်နှင့်ငါတို့၏ကယ်တင်ရှင်ခရစ်တော်**ယေရှု**သည်သင့်အားကျေးဇူးတော်နှင့် ငြိမ်သက်ခြင်းကိုပေးသနား တော်မူပါစေ။

### ခရိကျွန်းတွင်တိတုအမှုတော်ဆောင်ခြင်း

၅။ **ခရိ**ကျွန်းတွင် လုပ်ဆောင်စရာရှိသေးသော အမှုကိစ္စအဝဝတို့ကိုစီမံဆောင်ရွက်ရန်နှင့် မြို့တိုင်းတွင်သင်းအုပ်များခန့်ထားရန် သင့်အား ငါထားခဲ့၏။ငါ၏
၆။ ညွှန်ကြားချက်များကို မမေ့နှင့်။ အသင်းတော်ကိုအုပ်ထိန်းသူသည်အပြစ်ဆိုဖွယ်ရာမရှိသူဖြစ်ရမည်။သူ့မှာဇနီးတစ်ယောက်သာရှိရမည်။ သူ၏သားသမီးများသည် ယုံကြည်သူများဖြစ်၍ ရိုင်းစိုင်းသူများ၊ နားမထောင်သူများဟု အမည်မထွက်စေရ။
၇။ အသင်းတော်ကိုခေါင်းဆောင်သူသည် ဘုရားသခင်၏အမှုတော်ကို တာဝန်ယူဆောင်ရွက်ရသူဖြစ်သဖြင့် အပြစ်ဆိုစရာမရှိသူဖြစ်ရမည်။ သူသည်မောက်မာသူ စိတ်တိုသူ၊ သေသောက်ကြူးသူ၊ ကြမ်းတမ်းသူ၊ငွေ
၈။ ကိုမက်မောသူမဖြစ်စေရ။ ဧည့်သည်ဝတ်ကိုပြုတတ်သူ၊ကောင်းမြတ်သည့်အရာကိုနှစ်သက်တတ်သူဖြစ်ရမည်။ သူသည် မိမိကိုယ်ကို ထိန်းချုပ်နိုင်ရမည်။ ဖြောင့်မတ်ရမည်၊ ဘုရားတရားကိုရှိသေကိုင်းရှိုင်း

ရမည်။ စည်းကမ်းသေဝပ်ရမည်။
၉။ သူသည် မှန်ကန်သည့် အယူဝါဒကို စွဲမြဲစွာခံယူယုံ
ကြည်ရမည်။ ဤနည်းအားဖြင့် သူသည် တရားစစ်
တရားမှန်ဖြင့် သူတစ်ပါးတို့ကို အားပေးတိုက်တွန်း
နိုင်လိမ့်မည်။ ထိုတရားစစ်တရားမှန်ကိုအတိုက်အခံ
ပြုသူတို့၏ အမှားကိုလည်း ထောက်ပြနိုင်လိမ့်မည်။
၁၀။ ထိုတရားကိုတော်လှန်ကာအကျိုးမဲ့သည့် စကားများ
အားဖြင့် လှည့်စားတတ်သူ အများအပြားပင်ရှိပြီး၊
အထူးသဖြင့်ဂျူးဘာသာမှကူးပြောင်းလာသူများတွင်
၁၁။ ဖြစ်၏။ ထိုသူတို့၏နှုတ်ကိုပိတ်ရန်လိုအပ်လာပေပြီ။
အဘယ်ကြောင့်ဆိုသော် သူတို့သည် ငွေရရှိရန်
ရည်ရွယ်ချက်ဖြင့် မသွန်သင်သင့်သော အရာများကို
သွန်သင်ကြသည့်အတွက် အိမ်ထောင်စုများကို မညီ
မညွတ်ဖြစ်စေသောကြောင့်တည်း။
၁၂။ သူတို့၏ ပရောဖက်ဖြစ်သူ**ခရိ**ကျွန်းသား တစ်ဦးက
ပင်လျှင် **ခရိ**ကျွန်းသားတို့သည် အစဉ်လိမ်လည်သူ
များ၊ သားရဲဆိုးများ၊ ပျင်းရိစားကြူးသူများ ဖြစ်ကြ
သည်ဟုပြောဆိုခဲ့၏။ထိုသူ၏ ပြောဆိုချက်သည်မှန်
၁၃။ ပေသည်။ သို့ဖြစ်၍ သူတို့သည် အမှန်တကယ်ယုံ
၁၄။ ကြည် လာကြစေရန်လည်းကောင်း၊ ဂျူးဒဏ္ဍာရီ စ
ကားများနှင့်သမ္မာတရားကို ပစ်ပယ်သူတို့၏ပညတ်
များကို စွန့်လွှတ်လိုက်ကြစေရန်လည်းကောင်း၊ သူ
တို့အား ကြပ်တည်းစွာ ဆုံးမရမည်။
၁၅။ မိမိတို့ကိုယ်တိုင် စိတ်နှလုံး သန့်စင်သူတို့အဖို့ကား၊
မည်သည့်အရာမဆို သန့်စင်၏။ သို့သော် မိမိတို့
ကိုယ်တိုင်မသန့်စင်၊ မယုံကြည်သူတို့ အဖို့ကား
အဘယ်အရာမျှ သန့်စင်သည်ဟူ၍မရှိ။ အကြောင်း
မူကား၊ သူတို့၏ စိတ်နှလုံးနှင့် သြတ္တပ္ပစိတ်သည်
ညစ်ညမ်းနေသောကြောင့်ဖြစ်၏။
၁၆။ သူတို့သည် ဘုရားသခင်ကို သိသည်ဟုဝန်ခံသော်
လည်း သူတို့၏အကျင့်က မထောက်ခံ၊သူတို့သည်
မုန်းဖွယ်ကောင်းသူ၊ နားမထောင်သူ၊ ကောင်းမြတ်
သည့်အမှုတစ်စုံတစ်ခုကိုမျှပြုရန် မသင့်တော်သူများ
ဖြစ်ကြ၏။

## အခန်းကြီး (၂)

## မှန်ကန်သောအယူဝါဒ

၁။ သို့ရာတွင် သင်သည် မှန်ကန်သည့် အယူဝါဒနှင့်
ကိုက်ညီသည့် အကြောင်းအရာကို သွန်သင်ရမည်။
၂။ အသက်အရွယ်ကြီးရင့်သူ အမျိုးသားတို့အား သမာ
သတိရှိရန်၊ တည်ကြည်ရန်နှင့် ဣန္ဒြေစောင့်စည်းကြ
ရန်လည်းကောင်း၊စစ်မှန်သော ယုံကြည်ခြင်းမေတ္တာ
ခံနိုင်ရည်တို့ဖြင့်ပြည့်ဝကြစေရန်လည်းကောင်း သွန်
၃။ သင်လော့။ ထိုနည်းတူစွာ အသက်အရွယ်ကြီးရင့်သူ
အမျိုးသမီးတို့သည်လည်းဘုရားတရားကြည်ညိုသူ
များဖြစ်ရန် သွန်သင်လော့။သူတို့သည်သူတစ်ပါး၏
အသရေကို ဖျက်သူများ၊အရက်၏ကျွန်များမဖြစ်စေ
ရ။ အကောင်းကိုသင်ကြားပေး တတ်သူများဖြစ်ကြ
၄။ ရမည်။ သို့မှသာသူတို့သည် မိမိတို့ထက် အသက်
၅။ ငယ်ရွယ်သူ အမျိုးသမီးတို့အား၊ ကိုယ့်ခင်ပွန်း၊သား
သမီးများကိုချစ်ခင်မှု၊ ဣန္ဒြေစောင့်စည်းမှု၊ ဖြူစင်မှု၊
အိမ်ရှင်မကောင်းပီသမှုနှင့် ခင်ပွန်းသည်၏စကားကို
နားထောင်မှုတို့၌ လေ့ကျင့် သင်ကြားပေးနိုင်သည်။
ဤနည်းအားဖြင့် ဘုရားသခင်၏ တရားတော်ကို
၆။ ပုတ်ခတ်ပြောဆိုသူရှိမည် မဟုတ်ပေ။ထိုနည်းတူစွာ
ငယ်ရွယ်သူအမျိုးသားများအား ဣန္ဒြေစောင့်စည်းရန်
၇။ တိုက်တွန်းလော့။ကိစ္စအဝဝ၌ သင်ကိုယ်တိုင်ပင်လျှင်
စံနမူနာကောင်းကိုပြလော့။ တည်ကြည်လေးနက်စွာ
၈။ သင်ကြားပေးလော့။ သင်၏ရန်သူများသည် ငါတို့
အားအဘယ်အမှုတွင်မျှအပြစ်ရှာ၍မရသဖြင့် အရှက်
ကွဲကြစေရန်သင်သည်သူတစ်ပါးတို့ပြစ်တင်ဝေဖန်မှု
မပြုနိုင်အောင် လျောက်ပတ်သည့်စကားကို ပြောဆို
၉။ လော့။ အစေခံကျွန်တို့သည် မိမိတို့သခင်များ၏
စကားကို နားထောင်ကြရမည်။ အစစအရာရာတွင်
သခင်တို့နှစ်သက်အောင်ပြုရမည်။ စကားတုံ့ပြန်ပြော
၁၀။ ဆိုမှု၊ သို့မဟုတ် ခိုးဝှက်မှုကိုမပြုရ၊ ယင်းသို့ပြုမည့်
အစားသူတို့သည်အစဉ်ရိုးသား၍ သစ္စာရှိသူများဖြစ်
ကြောင်း ပေါ်လွင်စေရမည်။ ဤနည်းအားဖြင့်သူတို့
သည် မိမိတို့ပြုသမျှသော အမှုတို့တွင် ငါတို့ကယ်
တင်ရှင်ဘုရားသခင်၏ တရားတော်၊ ဂုဏ်တော်ကို
၁၁။ ထင်ရှားပေါ်ထွန်းစေကြလိမ့်မည်။ ဘုရားသခင်သည်
လူသားအပေါင်းတို့အားကယ်တင်ရန်အတွက် မိမိ၏
၁၂။ ကျေးဇူးတော်ကို ပေါ်လွင်ထင်ရှားစေတော်မူပြီ၊ ထို
ကျေးဇူးတော်သည် ငါတို့အား ဘုရားမဲ့ တရားမဲ့
ပြုကျင့်ခြင်းနှင့် လောကရမ္မက်ဆန္ဒတို့ကို စွန့်ပစ်ရန်
ဆုံးမသွန်သင်လျက်ရှိ၏။
၁၃။ ငါတို့သည် ငါတို့၏ ကြီးမြတ်သည့် ဘုရားသခင်
တည်းဟူသော ကယ်တင်ရှင်**ယေရှု**၏ ဘုန်းကျက်
သရေတော် ထင်ရှားပေါ်ထွန်းမည့်မင်္ဂလာနေ့မြတ်ကို

စောင့်မျှော်ကြသောကြောင့်ဖြစ်သည်။

၁၄။ ငါတို့အား ဆိုးညစ်မိုက်မဲမှုအပေါင်းမှ ကယ်ဆယ်တော်မူရန်လည်းကောင်း၊ ငါတို့သည် စိတ်နှလုံးဖြူစင်သန့်ရှင်းပြီး ကိုယ်တော်သာလျှင်ပိုင်တော်မူသောသူများဖြစ်လျက်၊ အကျင့်ကောင်းများ၌ စိတ်အားထက်သန်ကြစေရန်လည်းကောင်း၊ ခရစ်တော်သည် ငါတို့အတွက်မိမိကိုယ်ကို စွန့်တော်မူ၏။

၁၅။ သင်သည်ဤအကြောင်းအရာများကို ဆုံးမသွန်သင်လော့။ အားပေးတိုက်တွန်းဆုံးမသွန်သင်သည့်အခါ၌သင်တို့တွင်ရှိသမျှသောအခွင့် အာဏာကိုအသုံးပြုလော့။ သင့်အားမည်သူမျှအထင်မသေးစေနှင့်။

# အခန်းကြီး (၃)

## ခရစ်ယာန်တို့၏အပြုအမူအနေအထိုင်

၁။ တိုင်းပြည်အုပ်ချုပ်သူများနှင့်အာဏာပိုင်များ၏ဩဇာကိုခံ၍သူတို့၏စကားကိုနားထောင်ကြရန်နှင့်ကောင်းမြတ်သောအမှုကိစ္စမှန်သမျှကို ဆောင်ရွက်ဖို့အသင့်ရှိရန်၊ သင်၏ လူတို့အား သတိပေးလော့။

၂။ မည်သူ့အကြောင်းကိုမျှ မကောင်းမပြောဘဲငြိမ်းချမ်းခင်မင်စွာ နေထိုင်ကြစေရန်နှင့်အစဉ်အမြဲလူခပ်သိမ်းတို့အားသိမ်မွေ့စွာ ဆက်ဆံကြစေရန် ထိုသူတို့အား

၃။ ပြောကြားလော့။အခါတစ်ပါးက ငါတို့ကိုယ်တိုင်ပင်လျှင်မိုက်မဲ၍မနာခံဘဲလမ်းမှားခဲ့ကြ၏။ ရမ္မက်ဆန္ဒနှင့်အမျိုးမျိုးသော အပျော်အပါး လိုက်စားမှုများ၏ကျွန်ဖြစ်ခဲ့ကြ၏။ ငါတို့သည်မလိုတမာစိတ်နှင့်မနာလိုဝန်တိုမှု၌ အချိန်ကုန်လွန်စေခဲ့ကြ၏။ သူတစ်ပါးတို့သည် ငါတို့ကိုမုန်းကြ၏။ ငါတို့ကလည်းသူတို့ကိုမုန်းခဲ့ကြ၏။

၄။ သို့ရာတွင် ငါတို့ကယ်တင်ရှင် ဘုရားသခင်၏ကရုဏာတော်နှင့်မေတ္တာတော် ပေါ်လွင်ထင်ရှားလာသော

၅။ အခါ၊ ငါတို့သည် ကယ်တင်ခြင်းကိုခံရကြပေသည် ဤသို့ ကယ်တင်ခြင်းခံရသည်မှာငါတို့ကိုယ်တိုင်ပြုလုပ်ခဲ့သည့် ကောင်းမှု တစ်စုံတစ်ရာကြောင့်မဟုတ်၊ ကိုယ်တော်သည် မိမိ၏ကရုဏာတော်နှင့်အညီ မွန်မြတ်သော ဝိညာဉ်တော်အားဖြင့် ငါတို့အားအသစ်မွေးဖွားခြင်းနှင့် အသက်သစ်ကိုဆေးကြောခြင်းအားဖြင့်ပေးတော်မူသောကြောင့်ဖြစ်၏။

၆။ ဘုရားသခင်သည် ငါတို့၏ကယ်တင်ရှင်ခရစ်တော်**ယေရှု**အားဖြင့် မွန်မြတ်သော ဝိညာဉ်တော်ကိုငါတို့အပေါ်သို့ ကြွယ်ဝစွာ သွန်းလောင်းတော်မူ၏။

၇။ ယင်းသို့ ပြုတော်မူခြင်းမှာ ငါတို့သည်ကျေးဇူးတော်အားဖြင့် ဘုရားသခင်နှင့် မှန်ကန်စွာ ဆက်ဆံမှုကိုရရှိကာ ငါတို့မျှော်လင့် တောင့်တသည့် ထာဝရအသက်ကိုခံယူရကြစေရန်ပင် ဖြစ်ပေသည်။

၈။ ဤစကားသည်သစ္စာစကားဖြစ်၏။ ဘုရားသခင်ကိုယုံကြည်သူတို့သည် ကောင်းမြတ်သောအကျင့်၊ လူအပေါင်းတို့အားအကျိုးပြုသောအကျင့်များ၌မွေ့လျော်ကြစေရန်အထက်တွင် ဖော်ပြခဲ့သည့် အမှုအရာများကို အလေးအနက်ထား၍ နှိုးဆော်တိုက်တွန်းလော့။ သို့ရာတွင် အကျိုးမဲ့ ငြင်းခုံခြင်း၊ ရှည်လျားသော

၉။ ဆွေစဉ်မျိုးဆက် စာရင်းများပြုလုပ်ခြင်း၊ရန်ဖြစ်ခြင်း၊ ပညတ်တရားနှင့်ပတ်သက်၍ အငြင်းပွားခြင်းတို့ကို

၁၀။ ရှောင်ကြဉ်လော့။ စိတ်ဝမ်းကွဲပြားမှုများကို ဖြစ်စေသောသူအား အနည်းဆုံးနှစ်ကြိမ်သတိပေးပြီးနောက်

၁၁။ သူနှင့်ထပ်မံ၍မည်သို့မျှမဆက်ဆံနှင့်။ ထိုသို့သောသူသည် ဖောက်ပြန်သောသူဖြစ်ကြောင်းသင်သိ၏။ ထိုသူ့မှားယွင်းကြောင်းကိုသူ၏အပြစ်များက သက်သေခံလျက်ရှိ၏။

## နောက်ဆုံးသောညွှန်ကြားချက်များ

၁၂။ **အာတိမတ်**ကိုဖြစ်စေ **တိခိကု**ကိုဖြစ်စေ သင့်ထံသို့ငါစေလွှတ်လိုက်သောအခါ ငါရှိရာ**နေအာပိုလစ်**လာရန်အစွမ်းကုန်ကြိုးစားလော့။ ထိုမြို့တွင် ဆောင်းရာသီအတွင်း နေထိုင်ရန် ငါဆုံးဖြတ်ပြီးဖြစ်၏။

၁၃။ ရှေ့နေဖြစ်သူ**ဇေန**နှင့် **အပိုလို**တို့ခရီးပြုနိုင်ရန်အတွက်အစွမ်းကုန် ကူညီဆောင်ရွက် ပေးလော့၊ သူတို့၌လိုလေသေးမရှိရအောင်လည်းကူညီပေးလော့။

၁၄။ စားဝတ်နေရေးအတွက် အမှန်တကယ် လိုအပ်သည်တို့ကိုရရှိနိုင်ရန် ငါတို့၏လူများသည် ကောင်းသောအသက်မွေးခြင်းကို ပြုကြရန် သွန်သင်လော့။ မိမိတို့၏ လုပ်အားကို အချည်းနှီးမဖြစ်စေရကြ။

၁၅။ ငါနှင့်အတူ ရှိကြသူအားလုံးတို့က သင့်အား နှုတ်ဆက်လိုက်ပါ၏။ ယုံကြည်ခြင်းတရား၌ ငါတို့၏မိတ်ဆွေများအား နှုတ်ဆက်ပေးလော့။ဘုရားသခင်၏ကျေးဇူးတော်သည် သင်တို့အားလုံးနှင့်အတူရှိပါစေ။